**အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP) လုပ်ငန်းဆောင်ရွက်ပုံ**




## အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကိုဖြေကြားစို့"

## Corruption Risk Assessment (CRA) ဆိုသည်မှာ

- အဂတိလိုက်စားမှုအခွင့်အလမ်းများ ပေါ်ပေါက်နိုင်သည့် စနစ်တစ်ခုအတွင်း အားနည်းချက်များကို အမျိုးအမည် ခွဲခြားဆုံးဖြတ်ရန် ရှာဖွေသော လက်သုံးကိရိယာဖြစ်သည်။ (www.gateway. transparency.org)
- CRA သည် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကို ဆန်းစစ်ရာတွင် ထင်မြင်ယူဆချက်ထက် ဖြစ်ပေါ်နိုင်ခြေရှိမှုများအပေါ် အလေးထားသည့် လက်သုံးကိရိယာ ဖြစ်ပါသည်။
- CRA သည် "အဂတိလိုက်စားမှုကျူးလွန်မှုကို အပြစ်ပေးအရေးယူခြင်း" ဟူသော အကျင့်ပျက်သည့်အလေ့အကျင့်ကို တန်ပြန်ပြစ်ဒဏ်ခတ်သည့် Reactive Measure မျိုးမဖြစ်စေရန်အတွက် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ရှိမှုကို လေ့လာဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုတင်လုပ်ဆောင်သည့် Proactive Measure မျိုး ဖြစ်ပါသည်။
- CRA သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လက်သုံးကိရိယာ(Preventive tool) တစ်ခုဖြစ်ရာ၊ ယင်းသို့ ဆန်းစစ်မှုပြုလုပ်နိုင်ရန် မိမိတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်စသည်တို့တွင် လာဘ်ပေးလာဘ်ယူ ဖြစ်နိုင်ခြေရှိသော၊ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော ဟာကွက်၊ ပျော့ကွက်များကို ခွဲခြားဖော်ထုတ်ရန်ဖြစ်ပါသည်။

## CRA ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ

- အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊
- အဂတိလိုက်စားမှုမှဆင်းသက်လာသည့် လူမှုရေးနှင့် စီးပွားရေး ကုန်ကျစရိတ်များကို လျော့ကျစေနိုင်ခြင်း၊ မိမိကိုယ်ကို ကြပ်မတ်ခြင်း (Self–oversight) ကိုဖော်ဆောင်ပေးနိုင်ခြင်း၊
- ကျင့်ဝတ်သိက္ခာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု ကိစ္စရပ်များကို မိမိ၏ လုပ်ငန်းစဉ်တွင် ထားရှိစေခြင်း၊
- သာမန်အန္တရာယ်ရှိနိုင်ခြေများကို ဖော်ထုတ်ပေးနိုင်စွမ်းရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့အတွက် စေ့ဆော်မှု၊ အတွေးအခေါ်များနှင့် အခြေခံများဖြစ်ပေါ်စေခြင်း၊
- CRA ကို ကောင်းမွန်ကျနစွာဆောင်ရွက်နိုင်မည်ဆိုလျှင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ပေါ်လစီ၏ အရေးပါပြီး အကျိုးရှိသော အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ခြင်း၊
- CRA ဆောင်ရွက်မှုတစ်ခုတည်းကြောင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကောင်းမွန်သော စည်းမျဉ်း၊ ကောင်းမွန်သော ဌာနတွင်းလုပ်ငန်းစဉ်များကို အစားထိုးနိုင်သည်ဟု မဆိုနိုင်သော်လည်း အဂတိလိုက်စားမှုနှင့်ကျင့်ဝတ်သိက္ခာရှိမှု/ ဖြောင့်မတ်တည်ကြည်မှု အခြေအနေအပေါ် ပိုမိုနားလည်နိုင်စွမ်းရှိလာခြင်း။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## တားဆီးကာကွယ်ခြင်းကဏ္ဍ

## အဂတိလိုက်စားမှု Corruption သည်

- ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည်။
- အကျိုးအမြတ်တွက်ချက်ပြီး ကျူးလွန်သည့် ရာဇဝတ်မှုဖြစ်သည်။

## အဂတိလိုက်စားမှု၏ ဆိုးကျိုးများ

အဂတိလိုက်စားမှုသည် –

- နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အတားအဆီး ဖြစ်စေခြင်း၊
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊
- စီးပွားရေးလုပ်ငန်းများကို ကုန်ကျစရိတ် တိုးမြင့်စေခြင်း၊
- အရင်းအမြစ် ခွဲဝေသုံးစွဲမှုတွင် မမှန်မကန်ဖြစ်စေခြင်း၊
- ဆင်းရဲနွမ်းပါးမှုတိုးပွားစေခြင်း၊
- အများပြည်သူ၏ ယုံကြည်မှုပျက်ယွင်းစေခြင်း

## အဂတိလိုက်စားမှုတိုင်းသည်

- နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုကြီးတစ်ခုလုံးကိုပါ ယိုယွင်းပျက်စီးစေနိုင်သည်အထိ ကြီးမားပါသည်။
- ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (SDGs)၏ အဓိကပန်းတိုင်များဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဆာလောင်မွတ်သိပ်မှုလျှော့ချရေး၊ ကျန်းမာရေး၊ ပညာရေး၊ တန်းတူညီမျှရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစသည့် ပန်းတိုင်များ အောင်မြင်ရန် အဓိကကျသည့် အဟန့်အတားများဖြစ်ပါသည်။

## အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၏ အရေးပါပုံ

ပြစ်မှုကျူးလွန်မှ စစ်ဆေးအရေးယူ အပြစ်ပေးခြင်းထက် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့်–

- ➢ ကုန်ကျစရိတ်များစွာကို လျှော့ချနိုင်ခြင်း
- ➢ ပြည်သူ့ဘဏ္ဍာများကို ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နေရာများတွင် မှန်ကန်စွာ ခွဲဝေသုံးစွဲလာနိုင်ခြင်း
- ➢ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးပွားလာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်း
- ➢ အဂတိလိုက်စားမှုကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှု ရှိသည့် အစုအဖွဲ့ (Integrity Pact) ပေါ်ပေါက်လာစေရန် ပြုစု ပျိုးထောင်နိုင်ခြင်း
- ➢ ကမ္ဘာ့အလယ်တွင် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားလာစေခြင်း

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

- ➢ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဠ) ဖြစ်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့် အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တို့တွင် ပြည်သူအများ ပါဝင်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများချမှတ်၍ ဆောင်ရွက်ခြင်းဟူသည့် ပြဋ္ဌာန်းချက်နှင့်အညီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Unit – CPU) များကို ဖွဲ့စည်းခဲ့ပါသည်။
- ➢ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ရာ ၂၀၂၂ ခုနှစ် ဇွန်လအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း(၃၈)ဖွဲ့တွင် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်–
  - ပြည်သူတစ်ဦးချင်းအပေါ်သို့ သက်ရောက်နေသော အသေးစား အဂတိလိုက်စားမှုများကို လျှော့နည်းကျဆင်းစေရန်၊



  - ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသောဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

## CPU အဖွဲ့များ၏လုပ်ငန်းတာဝန် (၃) ရပ်

- ➢ ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊
- ➢ တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊
- ➢ အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

## CPU အဖွဲ့များအတွက် လုပ်ငန်းအစီအစဉ်(၆)ရပ်

- ➢ ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အသီးသီး အတွက် လုပ်ငန်းလမ်းညွှန်များကိုရေးဆွဲထားရှိရန်၊
- ➢ ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာန/လုပ်ငန်းဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အချက်များပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ (Standing Operating Procedures – SOP)ကို သက်ဆိုင်ရာဌာနများက ရေးဆွဲရေးနှင့် အများပြည်သူသိသင့်သည်များကို လက်အောက်ရုံး/ဌာနခွဲ/ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲပြသထားရန်၊ ဝက်ဘ်ဆိုက်များတွင်လည်း ထည့်သွင်းအသိပေးကြေညာရန်၊
- ➢ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များက တာဝန်ယူ ဆောင်ရွက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ အကြီးအကဲများထံ တင်ပြသွားရန်၊
- ➢ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိမှုမှ ကာကွယ်ရန်အတွက် အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲထားခြင်း ရှိ/မရှိစိစစ်ရန်နှင့် ကျင့်ဝတ်ရေးသားလိုက်နာခြင်း



မရှိသော စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူရေး၊ ရောင်းချရေး၊ တည်ဆောက်ရေးကိစ္စများ၌ လက်ခံဆောင်ရွက်ခြင်း မပြုရန်၊

- ➢ တစ်ဖက်နှင့် အခြားတစ်ဖက် အခက်အခဲများ ဖြေရှင်းရန်နှင့် အထင်အမြင်လွဲမှားမှုမရှိစေရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအကြား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဖိုရမ်များ၊ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (CPU) များက ညှိနှိုင်းစီစဉ်ပေးရန်၊
- ➢ ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြရသော ပြည်သူတစ်ဦးချင်းထံသို့ Public Feedback Programme (PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစား အဂတိလိုက်စားမှုများ မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်၊

## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme– PFP)

ကော်မရှင်သည် လုပ်ငန်းအစီအစဉ် (၆) ရပ်ပါ ဆဋ္ဌမမြောက် အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများ၌ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူ၍ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူ ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပြီး PFP အသုံးပြုခြင်းဖြင့် –

- ➢ ဌာနများအလိုက် ပြုပြင်ရန် လိုအပ်နေသည့် အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊
- ➢ အသေးစား အဂတိလိုက်စားမှုများကို လျှော့ချနိုင်ခြင်း၊
- ➢ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှု တည်ဆောက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။